Message Six

# ခေတ်ကာလ၏ အမှုတော်အတိုင်း
# ဘုရားသခင့်ထာဝရစီမံကိန်း၏ အမြင့်ဆုံးဧဝံဂေလိတရား၏
# ခေတ်နှင့်အညီဖြစ်သော သမ္မာတရားကို သိကျွမ်းခြင်းနှင့် ပျံ့နှံ့စေခြင်း

ဖတ်ရန်ကျမ်း။  ။ ၂ပေ၊၁း၁၂။ ၂တိ၊၁း၃-၄။ မ၊၁၆း၁၈။ ၂ရှမွေ၊၇း၁၂-၁၄က။ ရော၊၁း၃-၄။ ဗျာ၊၂၁း၂၊ ၉-၁၀

**I. ခေတ်ကာလတစ်ခု၌ ဘုရားသခင်လုပ်ဆောင်နေသော အထူးဖြစ်သည့် ပြန်လည်ရယူခြင်းနှင့် အလုပ်မှာ ထိုခေတ်၏အမှုတော်ဖြစ်သည်။ ခေတ်ကာလ၏အမှုတော်သည် မျက်မှောက်ခေတ်သမ္မာတရားကို ဘုရားသခင်၏လူမျိုးတော်ထံသို့ အမှုဆောင်ပေးသည်။ ၂ပေတရု၊ ၁း၁၂ တွင် *မျက်မှောက်ခေတ်သမ္မာတရား* ကို "ခေတ်နှင့်အညီဖြစ်သော သမ္မာတရား"ဟူ၍ လည်း ပြောနိုင်ပါသည်။**

A. သမ္မာတရားအားလုံးသည် သမ္မာကျမ်းစာတွင် ရှိသော်လည်း၊ လူ၏မိုက်မဲမှု၊ သစ္စာမရှိမှု၊ ပေါ့ဆမှုနှင့် မနာခံမှုများ ကြောင့် များစွာသော သမ္မာတရားများမှ လူထံမှ ပျောက်ကွယ်ကာ ဝှက်ထားခြင်း ခံရသည် - ညွှန်း၊ ၂ဘုရင်၊၂၂း၈။

B. လောလောလတ်လတ် ဖွင့်ပြထားသည့် သမ္မာတရားများသည် ဘုရားသခင်၏ အသစ်သောတီထွင်မှုများမဟုတ်ပါ။ ၎င်းတို့မှာ လူ၏အသစ်သော ရှာဖွေတွေ့ရှိမှုများဖြစ်သည်။ သခင်ဘုရား၏ အမှုဆောင်မှန်သမျှသည် ဘုရားသခင်၏ ရှေ့တော်၌ မျက်မှောက်ခေတ်သမ္မာတရားမှာ အဘယ်အရာဖြစ်သည်ကို တောင်းလျှောက်ခြင်း ပြုသင့်သည်။

C. ဘုရားသခင်၏သမ္မာတရားများသည် တစ်စတစ်စတိုးပွားလာသည်။ နောက်ပိုင်း သမ္မာတရားများသည် အစောပိုင်းက သမ္မာတရားများကို ငြင်းဆိုခြင်းမပြုပါ။ ယနေ့ ကျွန်ုပ်တို့မြင်ရသည့်အရာများမှာ ဘုရားသခင်၏ တစ်စတစ်စ တိုးပွားလာသော ဖွင့်ပြခြင်းများဖြစ်သည်။

D. ကျွန်ုပ်တို့သည် "မျက်မှောက်ခေတ်သမ္မာတရား" ၏ ရေမျောကမ်းတင်ဖြစ်နေသူများ မဖြစ်လာရန် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် ကရုဏာတော် သက်ရောက်ပါစေသော။ ကျွန်ုပ်တို့သည် စောင့်ကြည့်သတိရှိလျက်၊ အသွေးအသားဝင် ရောက်လာရန် သို့မဟုတ် အတ္တသည် အခြေတစ်ခုခုကို ရရှိစေရန် အခွင့်မပေးသောသူများ ဖြစ်ကြပါစေသော။

**II. မျက်မှောက်ခေတ်သမ္မာတရား၊ ဤခေတ်၏အမှုတော်မှတစ်ဆင့် ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးထားသော ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သည် ဘုရားသခင်၏ ထာဝရစီမံကိန်း ဖွင့်ပြခြင်းဖြစ်သည်။ ဘုရားသခင့် ထာဝရစီမံကိန်း၏ ဧဝံဂေလိတရားသည် "ဘိုးဘေးများထံ ကတိပေးထားခဲ့သည့် ဧဝံဂေလိတရား"ဖြစ်သည် (တ၊၁၃း၃၂) - ထိုကတိမှာ ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏ သားတော်ဖြစ်လာမည်၊ တစ်နည်းအားဖြင့် လူသားမျိုးစေ့သည် ဘုရားဆိုင်ရာသားတော် ဖြစ်လာလိမ့်မည်ဖြစ်သည် (အငယ်၊၂၂-၂၃၊ ၃၃-၃၄။ ၂၆း၆၊ ၁၆-၁၉။ ၂ရှမွေ၊၇း၁၂-၁၄က။ ရော၊၁း၃-၄။ မ၊ ၂၂း၄၁-၄၅)။**

A. ကျွန်ုပ်တို့သည် ဧဝံဂေလိတရားဟောပြောရာတွင် လူအများနားလည်နိုင်သည့်အဆင့်ဟု ကျွန်ုပ်တို့ထင်မှတ်သည့် အဆင့်သို့ နှိမ့်ချထားသည့် ဧဝံဂေလိကို မဟောပြောသင့်ပေ။ ကျွန်ုပ်တို့သည် မြှင့်တင်ထားသည့် ဧဝံဂေလိတရားကို ဟောပြောသင့်ပြီး၊ ခံယူချက်ကို မည်သည့်အခါမျှ မနိမ့်ကျစေသင့်ပေ (၁သက်၊၁း၁၊ ၃-၄၊ ၁၀။ ၅း၂၃။ ၁ကော၊၂း၇-၁၃)။ လူ၏အတွင်း၌ ဘုရားသခင် ဖန်ဆင်းထားသည့်စွမ်းရည်က ဘုရားသခင်၏အရာများကို လက်ခံရယူရန်နှင့် နားလည်နိုင်ရန် တတ်စွမ်းနိုင်ကြောင်း ကျွန်ုပ်တို့ လက်ခံယုံကြည်ထားရမည်ဖြစ်သည် (ယော၊၃၂း၈။ ဇာ၊၁၂း၁။ ဒေ၊၃း၁၁။ တ၊၁၇း၂၆-၂၉။ ဟေရှာ၊၄၃း၇)။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရစီမံကိန်းနှင့်စပ်လျဉ်းသည့် သမ္မာတရားကို သမ္မာကျမ်းစာတစ်အုပ်လုံးအတိုင်း တစ်ချက်ပြီးတစ်ချက်စီ တင်ဆက်ပြသရမည်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရားကို ကျွန်ုပ်တို့ကို အထူးခန့်အပ်စေခိုင်းထားခြင်းဖြစ်သည် - ၁ကော၊၁း၉။ ၉း၁၆-၁၇၊ ၂၃။ ၁တိ၊၁း၃-၄။ ၂း၇။ ၄း၁၆။ ၂တိ၊၁း၁၁။ ၂း၂၊ ၁၅။ ကော၊၁း၂၈။

**III. *ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်း* က ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏သားဦးအဖြစ် ခွဲခန့်မှတ်သားခံရခြင်း၏ ဖြစ်စဉ်ကို ပြောပြနေသည် - ရော၊၁း၃-၄။**

A. ပေါလုက သူသည် ဘုရားသခင်၏သားတော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏ဧဝံဂေလိတရားထံသို့ ခွဲခြားခံခဲ့ရကြောင်း ပြောထားသည်၊ ၎င်းမှာ ဘုရားသခင်၏ဧဝံဂေလိတရားသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအတွက် သား အရိုက်အရာ၏ ဧဝံဂေလိတရားဖြစ်သည် - အငယ်၊၁၊ ၃-၄။ ၈း၂၈-၃၀။ ၁၂း၅။

B. ရောမ ၁း၃-၄ သည် ၂ရှမွေလ ၇း၁၂-၁၄က ရှိ ပုံဆောင်ချက်၌ ပရောဖက်ပြုချက် ပြီးမြောက်ပြည့်စုံခြင်းဖြစ်ပြီး၊ ဘုရား သခင်သည် လူဖြစ်လာ၍ လူကို ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာစေ ခြင်း၏ နက်နဲခြင်းကို ဖွင့်ပြထားသည်။

C. လူ့ဇာတိခံခြင်းအားဖြင့် ဘုရားဇာတိ၌ရှိသည့် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော် ခရစ်တော်သည် (ယော၊ ၁း၁၈) ဘုရားဇာတိနှင့် ဘာမျှမသက်ဆိုင်သည့် အသွေးအသား၊ လူသားသဘောသဘာဝကို ယူတင်ဝတ်ဆင်ခဲ့သည်၊ ကိုယ်တော်၏ လူသားဇာတိ၌ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မဟုတ်ပါ။

D. ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏လူသားဇာတိသည် ဘုရားဖြစ်စေခြင်း၊ သားဖြစ်စေခြင်းခံရကာ၊ ယင်းမှာ ကိုယ် တော်သည် သူ၏လူသားဇာတိ၌ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရပြီး၊ ဘုရားသခင်၏ သားဦးဖြစ်လာ ကာ၊ ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးကို ပိုင်ဆိုင်ခဲ့ကြောင်း ဆိုလိုသည် - ရော၊၈း၂၉။

E. ထို့ကြောင့် ခရစ်တော်၌ ဘုရားသခင်သည် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီး၊ လူသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့၍၊ ဘုရားနှင့်လူသည် ဖြစ်တည်မှုတစ်ခုဖြစ်သည့် ဘုရား-လူဖြစ်ရန် အတူတကွ ရောနှောပေါင်းစည်းခဲ့ကြသည်။

F. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ဧဝံဂေလိတရားနှင့် ကိုယ်တော်၏ရည်ရွယ်ချက်မှာ ဘုရားသခင်သည် လူအထဲ သို့ တည်ဆောက်၍၊ လူသည် ဘုရားသခင်အထဲသို့ တည်ဆောက်ရန် ဖြစ်သည်။ ဤတည်ဆောက်ခြင်းမှာ ဘုရားသခင် သည် လူတစ်ဦး (ဒါဝိဒ်၏မျိုးစေ့)ဖြစ်လာကာ၊ လူသည် ဘုရား (ခွဲခန့်မှတ်သားခံရသည့် ဘုရားသခင်၏သားတော်) ဖြစ် လာခြင်း ဖြစ်သည် - ယော၊၁၄း၂၃။ ၁၅း၄-၅။ ရော၊၁း၃-၄။

G. ဤဧဝံဂေလိတရားသည် သခင်ယေရှုက "ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ ကျသောစပါးစေ့သည် မပျက်လျှင် တစ်ခုတည်း နေ၏။ ပျက်လျှင်မူကား များစွာသော အသီးကို သီးတတ်၏"ဟု မိန့်တော်မူသည့်အခါ၌ ကိုယ်တော်ပြောခဲ့ ခြင်းဖြစ်သည် - ယော၊၁၂း၂၄။

1. မျိုးစေ့သည် မြေဆီ၌ မြုပ်နှံခံရခြင်းအားဖြင့် သေမည်ဆိုလျှင် ၎င်းသည် နောက်ဆုံးတွင် ရှင်ပြန်ထမြောက်ခြင်း၌ အစို့အညှောက်ထွက်ခြင်း၊ ကြီးထွားခြင်း၊ အပွင့်ပွင့်ခြင်းရှိလာမည်ဖြစ်သည်၊ အကြောင်းမှာ မျိုးစေ့အသက်၏ ပြု ပြင်လုပ်ဆောင်မှုသည် ၎င်း၏အသေခံခြင်းနှင့်အတူ အလိုအလျောက် အသက်သွင်းခြင်းရှိပြီဖြစ်သောကြောင့် ဖြစ်သည် - ၁ကော၊၁၅း၃၆။ ၁ပေ၊၃း၁၈။

2. ခရစ်တော်၌ရှိသည့် သန့်ရှင်းခြင်း၏ဝိညာဉ်တော် တည်းဟူသော ဘုရားဇာတိသည် ကိုယ်တော်၏အသေခံခြင်း၌ ပြုပြင်လုပ်ဆောင်ကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်၏ သားဦးနှင့် အသက်ဝေငှဖြန့်ဖြူး သောဝိညာဉ်တော်ဖြစ်ရန် "အပွင့်ပွင့်လာခဲ့"၍၊ ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့အထဲသို့ ဖြန့်ဖြူး ပေးဝေပြီး၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏များစွာသော ညီများဖြစ်စေသည် - ရော၊၈း၂၉။ ၁ကော၊၁၅း၄၅ခ။

3. ရှေ့ပြေးပုံစံမှာ ဘုရားသခင်၏ သားဦးဖြစ်ပြီး၊ ပုံတူမှုပွားမှာ ဘုရားသခင်၏ များစွာသော သားများတည်းဟူသော ရှေ့ပြေးပုံစံ၏ အင်္ဂါဝင်များဖြစ်ကာ၊ ကိုယ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံ သည် - ကော၊၁း၁၈။ ၁ပေ၊၁း၃။

**IV.** ***ဒါဝိဒ်၏မျိုးစေ့သည် ဘုရားသခင်၏သားတော်ဖြစ်လာခြင်း*** **မှာ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရား သခင်၏များစွာသောသားများအဖြစ် ခွဲခန့်မှတ်သားခံရခြင်း ဖြစ်စဉ်ကို ဖော်ပြနေသည် - ဟေဗြဲ၊၂း၁၀-၁၁။**

A. ခရစ်တော်သည် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရပြီးဖြစ်သော်လည်း ကျွန်ုပ်တို့သည် ခွဲခန့်မှတ်သား ခြင်း ဖြစ်စဉ်၌၊ သားဖြစ်စေခြင်း၊ ဘုရားဖြစ်စေခြင်း ဖြစ်စဉ်၌ ရှိနေကြဆဲဖြစ်သည် - ရော၊၈း၂၈-၂၉။

B. ဘုရားသခင့်သားတော်၏ အသက်သည် ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ထည့်သွင်းပေးထားပြီးဖြစ်သည် - အငယ်၊၁၀။

1. ယခု ကျွန်ုပ်တို့သည် မြေကြီးအထဲသို့ စိုက်ပျိုးခံရသည့် မျိုးစေ့ကဲ့သို့ပင် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်ကို ဖြတ်ကျော်ရမည်ဖြစ်သည် - ယောဖ၁၂း၂၄-၂၆။
2. ဤအရာက အပြင်လူကို ကုန်ဆုံးစေပြီး၊ အတွင်းပိုင်းအသက်ကိုမူ ကြီးထွားရန်၊ တိုးတက်လာရန်၊ အဆုံးစွန်အနေဖြင့် ကျွန်ုပ်တို့အတွင်းမှ ဖူးပွင့်လာစေရန် တတ်စွမ်းစေသည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - ၁ကော၊ ၁၅း၃၁၊ ၃၆။ ၂ကော၊၄း၁၀-၁၂၊ ၁၆-၁၈။

C. ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် လူသားဇာတိတွင် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရပြီး၊ ထိုသို့ ရှင်ပြန်ထမြောက်ခြင်းနည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏သားများအဖြစ် ခွဲခန့်မှတ်သားခံရခြင်း ဖြစ်စဉ်၌ ရှိနေကြသည် - ရော၊၈း၁၁။
1. ကျွန်ုပ်တို့သည် ခွဲခန့်မှတ်သားခံရခြင်း၊ သားဖြစ်စေခြင်း၊ ဘုရားဖြစ်စေခြင်း ဖြစ်စဉ်သည် အဓိကသွင်ပြင်လေးခုနှင့် အတူ ရှင်ပြန်ထမြောက်ခြင်း ဖြစ်စဉ်ဖြစ်သည်၊ ယင်းတို့မှာ - သန့်ရှင်းစင်ကြယ်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ သဏ္ဍာန်တော်တူညီခြင်းနှင့် ဘုန်းဝင်စားခြင်းတို့ဖြစ်သည် - ၆း၂၂။ ၁၂း၂။ ၈း၂၉-၃၀။
2. ခွဲခန့်မှတ်သားခံရခြင်း ဖြစ်စဉ်အဖို့ သော့ချက်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်၊ ယင်းသည် နိုးထလာသော ဝိညာဉ်တော်၊ ခွဲခန့်မှတ်သားပေးသော ဝိညာဉ်တော်၊ ကျွန်ုပ်တို့၏ဝိညာဉ်ရှိ အသက်၏တန်ခိုးအဖြစ် ကိန်းဝပ်နေ သော ခရစ်တော်ဖြစ်သည် - ယော၊၁၁း၂၅။ ရော၊၈း၁၀-၁၁။ တ၊၂း၂၄။ ၁ကော၊၁၅း၂၆။ ၅း၄။
   a. ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း မည်သို့ လျှောက်လှမ်းရန်၊ ခွဲခန့်မှတ်သားပေးသော ဝိညာဉ်တော်ကို မည်သို့ မွေ့လျော်ဝမ်းမြောက်ရန်နှင့် တွေ့ကြုံခံစားရန် သင်ယူဖို့ အရေးတကြီး လိုအပ်နေသည် - ရော၊၈း၄၊ ၁၄။ မ၊ ၁၄း၂၂-၂၃။ မာ၊၁း၃၅-၃၈။ ဆာ၊၆၂း၈။ ၁၀၂ ခေါင်းစဉ်။
   b. ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ထိတွေ့လေလေ၊ ကျွန်ုပ်တို့ သန့်ရှင်းစင်ကြယ်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ သဏ္ဍာန်တော်တူညီခြင်း၊ ဘုန်းဝင်ခြင်းရှိလေလေဖြစ်ကာ၊ ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့်သဘော သဘာဝ၌ ဘုရားဖြစ်လာကြမည်ဖြစ်သည်၊ ယင်းမှာ ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက်ဖြစ်သည် - ၁ကော၊၁၂း၃။ ရော၊၁၀း၁၂-၁၃။ ၈း၁၅-၁၆။ ဂလ၊၄း၆။

D. ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားလာကာ၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ ဇီဝဆိုင်ရာ ဖြစ်စဉ်ကို ဖြတ်ကျော်ခြင်း ရှိလေ လေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများအဖြစ် ခွဲခန့်မှတ်သားခံရလေလေဖြစ်သည် - ၂ကော၊၃း၁၈၊ ၆၊ ၁၆။ ၅း၄၊ ၉၊ ၁၄-၁၅။ ၁း၁၂။ ၁၂း၇-၉။
1. ဤဇီဝဆိုင်ရာ ဖြစ်စဉ်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်နှင့် ဘုရားသခင်၏ အိမ်တော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ခြင်းဖြစ်သည်၊ ယင်းမှာ ဘုရားသခင်ကို လူအထဲသို့၊ လူကို ဘုရားသခင်အထဲသို့ တည်ဆောက်ခြင်း အားဖြင့်ဖြစ်သည် - ရော၊၁၂း၂။ ဧ၊၁း၂၂-၂၃။ ၂း၂၀-၂၂။
2. လူသားဇာတိသည် ဘုရားဇာတိ၌ ခွဲခန့်မှတ်သားခံရကာ၊ ဘုရားဇာတိနှင့် လူသားဇာတိသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းနေသည်။ ယနေ့ လူသားဇာတိမျိုးစေ့များဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်း ဖြစ်စဉ်မှတစ်ဆင့် ဘုရားဇာတိ၌ ဘုရားသခင်၏သားများ ဖြစ်လာနေကြသည် - မ၊၁၆း၁၈။ ဧ၊၃း၁၆-၁၉။ ဗျာ၊၂၁း၂၊ ၉-၁၀။
3. ဘုရားသခင်၏စီမံကိန်းနှင့် ကိုယ်တော်၏စိတ်နှလုံးအလိုတော်အတိုင်းဖြစ်သော ပန်းတိုင်မှာ မိမိကိုယ်တော်တိုင် ကို လူအထဲသို့ တည်ဆောက်၍၊ လူကို ကိုယ်တော်အထဲသို့ တည်ဆောက်ရန်ဖြစ်သည်။ ဤတည်ဆောက်ခြင်း သည် ယေရုရှလင်မြို့သစ်၌ ကြီးစွာသော၊ စုပေါင်းထားသော ဘုရား-လူ၊ ဘုရားသားများအားလုံး၏ စုစုပေါင်း အဖြစ် ပြီးမြောက်ပြည့်စုံမည်ဖြစ်သည် - အငယ်၊၇။

4. တစ်နေ့တွင် ဤဖြစ်စဉ်သည် ပြီးပြည့်စုံလိမ့်မည်၊ ထာဝရကာလပတ်လုံး ကျွန်ုပ်တို့သည် ဘုရားသခင်၏သားဦး ခရစ်တော်ကဲ့သို့ ကျွန်ုပ်တို့၏ဝိညာဉ်၊ စိတ်နှင့် ခန္ဓာကိုယ်၌ တူညီကြလိမ့်မည်ဖြစ်သည် - ၁ယော၊၃း၂။ ရော၊၈း၁၉၊ ၂၃။ ဓမ္မသီချင်း ၅၀၂ အပိုဒ် ၂။

E. ဘုရားသခင်ဘက်၌ သုံးပါးတစ်ပါးဘုရားသည် လူတစ်ဦးဖြစ်ရန် လူ့ဇာတိခံယူခဲ့သည်။ ကျွန်ုပ်တို့ဘက်၌ ကျွန်ုပ်တို့ သည် ဘုရားဖြစ်စေခြင်းခံရပြီး၊ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားဖြင့် စေ့စပ်ထုံး ဖွဲ့ခံရကြသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်စေခြင်း ခံရ၍၊ ထာဝရကာလပတ်လုံး ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်း ဖြစ်နိုင်မည်ဖြစ်သည်။ ဤသည်မှာ အမြင့်မားဆုံး သောသမ္မာတရားဖြစ်ကာ၊ ဤအရာသည် အမြင့်မားဆုံးသော ဧဝံဂေလိတရားဖြစ်သည်။

**V. ကျွန်ုပ်တို့သည် အသက်အဖြစ်လေ့လာခြင်း စာစောင်များနှင့် ပြန်လည်ရယူခြင်းကျမ်းမူကို အောက်ခြေမှတ်စုများနှင့်အတူ အသုံးပြုခြင်းအားဖြင့် ဘုရားသခင့်ထာဝရစီမံကိန်း၏ အမြင့်ဆုံးသော သမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ခံကာ၊ ပျံ့နှံ့စေခြင်းပြု ရန် လိုအပ်သည်။ ဤသည်မှာ အသက်ကို အမှုဆောင်ခြင်းအတွက်၊ သမ္မာတရားကို လွတ်မြောက်စေခြင်းအတွက်၊ သမ္မာ ကျမ်းစာ၏စာစောင်များကို ဖွင့်ခြင်းအတွက် ဖြစ်သည် - ယောဘ၊၁၀း၁၃။ ညွှန်း၊ ၈၊၃း၉။**

A. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် သမ္မာတရား၏အလင်းကို ပြန်လည်ရယူခြင်းဖြစ်သည်။ ယနေ့ မြေကြီးပေါ်တွင် အရေးတကြီး လိုအပ်ချက်မှာ ဤခေတ်၏ သမ္မာတရားဖြစ်သည်။

1. အသက်အဖြစ်လေ့လာခြင်းစာစောင်များနှင့် ပြန်လည်ရယူခြင်းကျမ်းမူနှင့်အတူ အောက်ခြေမှတ်စုများအားလုံးတို့ သည် ကျွန်ုပ်တို့ထံ သမ္မာကျမ်းစာကို ဖွင့်ပေးရန် အကောင်းဆုံးသောသော့ချက်ဖြစ်သည်။ ၎င်းတို့သည် သမ္မာကျမ်း စာကို အစားထိုးရန်မဟုတ်ဘဲ၊ လူများကို သမ္မာကျမ်းစာအထဲသို့ ခေါ်ဆောင်ပေးရန်ဖြစ်သည် - တ၊၈း၂၆-၃၉။
2. ကျွန်ုပ်တို့သည် ပြန်လည်ရယူခြင်းကျမ်းမူနှင့်အတူ အောက်ခြေမှတ်စုများနှင့် အသက်အဖြစ်လေ့လာခြင်းစာစောင် များ၏ စာသားကို ဆုတောင်းခြင်းနှင့်ပြည့်ဝသည့် လေ့လာခြင်းအတွက် ပြဌာန်းစာအုပ်အဖြစ် မှတ်ယူသင့်သည်။ ကျွန်ုပ်တို့သည် ၎င်းတို့ကို အပေါ်ယံနည်းလမ်း၌သာ ဖတ်မည်ဆိုလျှင် ယာယီမျှသာဖြစ်သော ကျွေးမွေးမှုနှင့် နှိုး ဆော်မှုအချို့ကိုသာ ရရှိကြလိမ့်မည်၊ သို့သော် ကျွန်ုပ်တို့ဖတ်သောအရာသည် ကျွန်ုပ်တို့၏အလင်းထွန်းလင်းခံရ သော မှတ်ဉာဏ်၌ သမ္မာတရားဖြစ်လာသောအခါ ၎င်းသည် ကျွန်ုပ်တို့အဖို့ အဆက်မပြတ်ဖြစ်သော၊ ထာဝရဖြစ် သော မစကျွေးမွေးမှုဖြစ်လာမည်ဖြစ်သည် - ဆာ၊၁၁၉း၁၃၀။
3. အသက်တာလေ့လာခြင်း ဝေ့ချက်များ၏ ရည်ရွယ်ချက်နှင့် ပန်းတိုင်မှာ ကျွန်ုပ်တို့အဖို့ သမ္မာကျမ်းစာ၏ သမ္မာ တရား "သတ္တုတွင်းကို ဖွင့်"ကာ အဖိုးတန်ရတနာများကို တူးဖော်ရန်ဖြစ်သည်။ "ကျွန်ုပ်သည် သင်တို့ နှစ်ချီကြာ အသုံးပြု၍ ဝင်ရောက်သွားရန် လိုအပ်သည့် များစွာသောအရာများကို ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်" - *The Collected Works of Witness Lee, 1984,* vol. 2, "Elders' Training, Book 3: The Way to Carry Out the Vision," p. 316.

B. ယနေ့ ကျွန်ုပ်တို့သည် ဘာသာပြန်ထားသော၊ အနက်ဖွင့်ဆိုထားသော၊ နားလည်လွယ်ကူနိုင်သော ဘုရားဆိုင်ရာသမ္မာ တရားများကို သခင်ဘုရား၏ပြန်လည်ရယူခြင်းအတွက် ပျံ့နှံ့သွားစေဖို့ တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

1. သမ္မာကျမ်းစာကို မှန်ကန်သင့်လျော်စွာ နားလည်သဘောပေါက်ခြင်းသည် ကျွန်ုပ်တို့အဖို့ ဘုရားဆိုင်ရာသမ္မာ တရားများအား လေ့လာရန်၊ သင်ယူရန်နှင့် ပျံ့နှံ့စေရန်အလို့ငှာ ကျွန်ုပ်တို့၏ စာပေများ၌ စုစည်းထားခဲ့ပြီးဖြစ် သည်။ ပြန်လည်ရယူခြင်းကျမ်းမူနှင့်အတူ အောက်ခြေမှတ်စုများသည် အရပ်ရပ်တို့၌ ရှိသော သန့်ရှင်းသူတို့က လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကာလအတွင်း ရရှိခဲ့ကြသည့် ဘုရားဆိုင်ရာ ဖွင့်ပြခြင်းကို နားလည်သဘောပေါက် ခြင်းအား "ကြည်လင်ပြတ်သားစေခြင်း" ဖြစ်သည်။
2. သခင်ဘုရားက ကျွန်ုပ်တို့အား ဤအဖိုးတန် သမ္မာတရားများကို ပေးထားခဲ့ခြင်းမှာ ကျွန်ုပ်တို့က ခရစ်ယာန်များထံ သို့သာမက မယုံကြည်သူများထံသို့ပင် ၎င်းတို့ကို ပျံ့နှံ့စေဖို့ဖြစ်သည်။ ယနေ့ သခင်ဘုရား အလိုရှိသောအရာမှာ ကိုယ်တော်ကိုချစ်သည့်၊ ကိုယ်တော်အဖို့ အသက်ရှင်သည့်၊ ကိုယ်တော်၏ပြန်လည်ရယူခြင်းလွဲ၍ အခြားဘာမျှ မသိသည့် ချစ်ဖွယ်သော သန့်ရှင်းသူ ထောင်ပေါင်းများစွာတို့က ထိုသမ္မာတရားများကို ပျံ့နှံ့စေရန် တစ်ခုတည်း

သောလမ်းကို ယူဆောင်ပြီး၊ သခင်ဘုရား၏လူများကို အချိန်တန်သောအခါ အစားအစာဖြင့် အစေခံရန် သစ္စာရှိ၍ သတိပညာရှိသော အစေခံများဖြစ်စေရန်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် သခင်ဘုရားပြန်လည်ရယူခြင်း၏ ခန့်အပ်စေခိုင်းခံရခြင်းကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည် - ၂ကော၊၅း၁၄-၁၅။ မ၊၂၄း၄၅။

3. အသင်းတော်၏တိုးပွားခြင်းသည် သမ္မာတရား၏တိုးပွားခြင်းအပေါ် မူတည်သည်။ သမ္မာတရားသာလျှင် လူများ ကို သိမ်းပိုက်ခြင်း၊ ရယူခြင်း ရှိနိုင်သည်။ ယခုမှစ၍ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ထာဝရစီမံကိန်း သမ္မာတရားကို သင်ယူရန် အချိန်ယူကာ၊ အသင်းတော်၏ တိုးပွားများပြားခြင်းနှင့် ပျံ့နှံ့ခြင်းအတွက် အခြားသူများထံ ခရစ်တော်ကို အမှုဆောင်ရမည်ဖြစ်သည် - တ၊၆း၇။ ၁၂း၂၄။ ၁၉း၂၀။

© 2021 Living Stream Ministry